# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
# နေ့စဉ်ဈေးကွက်သတင်းလွှာ

July 13 , 2023 Volume 68, Number 9

၁၃.၇.၂၀၂၃

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၁၉၅၆ US$ |
| မြန်မာ့ရွှေဈေး | = N/A |
| ဒေါ်လာဈေး | = N/A |
| CBM Rate | = ၂၁၀၀ ကျပ် |
| ယူရိုတစ်ယူရို | = ၂၃၄၃.၈ ကျပ် |
| စင်ကာပူတစ်ဒေါ်လာ | = ၁၅၈၃.၈ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၇၃၉.၀ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၄၃၇.၅ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၉၃.၁၇ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၅.၅၈၃ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၆၅.၄၆ ကျပ် |
| မလေးရှားရင်းဂစ် | = ၄၅၇.၁၂ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၆၀.၇၉၉ ကျပ် |

Source: CBM Rate, etrademyanmar.com

**CONTACT US**

ကုန်သွယ်မှုသတင်းအချက်အလက်နှင့်
သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.gov.mm
myantradetir2016@gmail.com

## စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးအောင်နိုင်ဦး ပြည်ပနိုင်ငံများရှိ စီးပွားရေးသံမှူးများနှင့် တွေ့ဆုံပွဲသို့ တက်ရောက်အမှာစကားပြောကြား



စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး၊ ဦးအောင်နိုင်ဦးသည် ပြည်ပနိုင်ငံ (၁၂) နိုင်ငံရှိ မြန်မာသံရုံး/ မြန်မာကောင်စစ်ဝန်ချုပ်ရုံးများ၌ တာဝန်ထမ်းဆောင်နေသော စီးပွားရေးသံမှူး (၁၆) ဦးနှင့် ဆွစ်ဇာလန်နိုင်ငံ၊ ဂျီနီဗာမြို့၊ ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ဆိုင်ရာ မြန်မာအမြဲတမ်းကိုယ်စားလှယ်အဖွဲ့ရုံး၌ တာဝန်ထမ်းဆောင်လျက်ရှိသည့်သံမှူးတို့အား ၂၀၂၃ ခုနှစ်၊ ဇူလိုင်လ ၁၂ ရက်နေ့၊ နေ့လည်ပိုင်းတွင် ဝန်ကြီးဌာန၊ အစည်းအဝေးခန်းမ (၁) ၌ Virtual စနစ်ဖြင့် တွေ့ဆုံကာ လုပ်ငန်းဆိုင်ရာများ မှာကြားခဲ့ပါသည်။

ပြည်ထောင်စုဝန်ကြီးက စီးပွားရေးသံမှူးများအနေဖြင့် မြန်မာ့ပို့ကုန်များ ဈေးကွက်ပိုမိုရရှိရေးအတွက် သက်ဆိုင်ရာနိုင်ငံများမှ အစိုးရဌာနအဖွဲ့အစည်းများ၊ သွင်းကုန်လုပ်ငန်းရှင်များနှင့်ထိတွေ့မှု ပိုမိုရယူကာ ဈေးကွက်မြှင့်တင်ရေး လုပ်ငန်းများဆောင်ရွက်ရေး၊ သက်ဆိုင်ရာနိုင်ငံများ၏ ကုန်စည်ပြပွဲများတွင် မြန်မာ့ပို့ကုန်များပါဝင်ပြသနိုင်ရေးနှင့် ချိတ်ဆက်မှု ပိုမိုရရှိစေရေး၊ မိမိနိုင်ငံအတွက် အကျိုးရှိစေမည့် စီးပွားရေးဆိုင်ရာ သတင်းအချက်အလက်များ ကျယ်ပြန့်စွာရယူ အသုံးချနိုင်ရေး၊ ပြည်တွင်း အသေးစား၊ အငယ်စား၊ အလတ်စား စီးပွားရေးလုပ်ငန်းရှင်များက အကူအညီတောင်းခံမှုများကို Virtual စနစ်ဖြင့် တွေ့ဆုံညှိနှိုင်းကာ လိုအပ်သည်များ

ဆက်လက်ဆောင်ရွက်ပေးရေး၊ သက်ဆိုင်ရာနိုင်ငံများသို့ မြန်မာနိုင်ငံ၏ ကုန်သွယ်မှုနှင့်ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ သတင်းအချက်အလက်များ ကျယ်ပြန့်စွာဖြန့်ဝေပေးနိုင်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေးကိစ္စများကို ထိရောက်စွာ ဆောင်ရွက်နိုင်ရေး စသည်တို့အား အသေးစိတ်မှာကြားပါသည်။ ထို့နောက် ဒုတိယဝန်ကြီး၊ အမြဲတမ်းအတွင်းဝန်နှင့် ညွှန်ကြားရေးမှူးချုပ်များက ကဏ္ဍအလိုက် စီးပွားရေးသံမှူးများ ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကို ရှင်းလင်းဆွေးနွေးပါသည်။

ထို့နောက် စီးပွားရေးသံမှူးများက နိုင်ငံအလိုက် လုပ်ငန်းဆောင်ရွက်မှု အခြေအနေများနှင့် လိုအပ်ချက်များကို တင်ပြခဲ့ရာ ပြည်ထောင်စုဝန်ကြီးက ဖြည့်ဆည်းပေါင်းစပ်ညှိနှိုင်းပေးခဲ့ကြောင်း သတင်းရရှိပါသည်။

**Source:** https://www.commerce.gov.mm/my/article/

## ယခုဘဏ္ဍာနှစ် ဇွန်လအတွင်း ဂျပန်နိုင်ငံသို့ ပျားရည်မက်ထရစ်တန် ၈၀ ကျော် တင်ပို့ထားပြီး အမေရိကန်ဒေါ်လာ သုည ဒသမ ၁၂ သန်းရရှိ



ယခုဘဏ္ဍာနှစ် ဇွန်လအတွင်း ဂျပန်နိုင်ငံသို့ ပြည်တွင်းမှ ပျားရည်မက်ထရစ်တန် ၈၀ ကျော် တင်ပို့ထားပြီး အမေရိကန်ဒေါ်လာ သုည ဒသမ ၁၂ သန်းရရှိခဲ့ကြောင်း မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန ပျားလုပ်ငန်းဌာန ပျားမွေးမြူမှုဖွံ့ဖြိုးရေးဌာနခွဲမှ တာဝန်ရှိသူတစ်ဦး၏ ပြောပြချက်အရ သိရသည်။

"ပြည်ပကို ပျားရည်တင်ပို့မှုအနေနဲ့ ဇွန်လမှာ ဂျပန်နိုင်ငံကို ပျားရည်မက်ထရစ် တန် ၈၀ ကျော်တင်ပို့ထားပြီး အမေရိကန်ဒေါ်လာ သုည ဒသမ ၁၂ သန်းရရှိခဲ့ပါတယ်။ လက်ရှိ ပြည်တွင်းမှာ နှမ်းပျားရည်တွေထွက်နေပြီ။ ဒါပေမဲ့ ဝယ်ယူစုဆောင်းဆဲပဲ ရှိပါသေးတယ်။ ပြည်ပကို တင်ပို့လို့တော့ မရသေးပါဘူး" ဟု ၎င်းကပြောသည်။

ပြည်တွင်းမှထွက်ရှိသော ပျားရည်ကို ပြည်ပနိုင်ငံများဖြစ်သည့် တောင်ကိုရီးယား၊ ဂျပန်၊ အမေရိကန်၊ တရုတ် (တိုင်ပေ)၊ စင်ကာပူနှင့်ထိုင်းနိုင်ငံတို့သို့ တင်ပို့လေ့ရှိပြီး ဇွန်လတွင် ဂျပန်နိုင်ငံသို့သာ တင်ပို့ခဲ့ကြောင်း၊ ထိုသို့တင်ပို့ရာတွင် ပုဂ္ဂလိကကဏ္ဍမှ ပုံမှန်တင်ပို့မှုအနေဖြင့် ပျားရည်မက်ထရစ် တန် ၈၀ ဒသမ ၄ တန် တင်ပို့ခဲ့ပြီး အမေရိကန်ဒေါ်လာ သုည ဒသမ ၁၂ သန်းရရှိခဲ့ကြောင်း သိရသည်။

ပြည်တွင်း၌ နှမ်းပျားရည်၊ ဆီးပျားရည်၊ ပန်းနှမ်းပျားရည်၊ နေကြာပျားရည်၊ ရော်ဘာပျားရည်၊ လိုက်ချီးပျားရည်ဟူ၍ ထုတ်လုပ်ပြီး ယခုလတွင် နှမ်းပျားရည် စတင်ထွက်ရှိနေပြီဖြစ်သော်လည်း စုဆောင်းဆဲကာလဖြစ်ကြောင်း၊ ပြည်တွင်း၌ ပျားရည်ကို ဆေးဝါးအဖြစ် အသုံးပြုမှုများကြောင်း သိရသည်။

**Source:** https://www.myawady.net.mm/node/43043

## ယခုဘဏ္ဍာနှစ် သုံးလတာကာလအတွင်း ပြည်ပသို့ ရော်ဘာတန်ချိန် ငါးသောင်းခန့် တင်ပို့ထား



ရော်ဘာခြံပိတ်ရာသီအတွင်း ကမ္ဘာ့ရော်ဘာဈေးနှုန်းနှင့်အတူ ပြည်တွင်းရော်ဘာ ဈေးနှုန်းများပါ ကျဆင်းနေပြီး ယခုဘဏ္ဍာနှစ် သုံးလတာကာလအတွင်း ပြည်ပသို့ ရော်ဘာတန်ချိန် ငါးသောင်းခန့် တင်ပို့ထားကြောင်း မြန်မာနိုင်ငံ ရော်ဘာစိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများအသင်း အထွေထွေအတွင်းရေးမှူး ဦးခိုင်မြင့်၏ ပြောပြချက်အရသိရသည်။

ထိုသို့ဈေးနှုန်းကျဆင်းရာတွင် ဇွန်လက ရော်ဘာတစ်တန်လျှင် အမေရိကန်ဒေါ်လာ ၁၇၀၀ ရှိရာမှ လက်ရှိတွင် အမေရိကန်ဒေါ်လာ ၁၆၅၀ ဝန်းကျင်အထိ ကျဆင်းလာပြီး ပြည်တွင်းရော်ဘာ

ဈေးနှုန်းများမှာ တစ်ပေါင်လျှင် ငွေကျပ် ၁၄၀၀ ဝန်းကျင်မှ ၁၂၀၀ ဝန်းကျင်သို့ ကျဆင်းလာကြောင်း သိရသည်။ “ဒီဘဏ္ဍာနှစ် သုံးလတာမှာ ပြည်ပကို ရော်ဘာတန်ချိန် ငါးသောင်းလောက် တင်ပို့ပြီးပါပြီ။ အခု ထပ်ပြီးတင်ပို့ဖို့ ရော်ဘာတန်ချိန်တစ်သောင်းလောက်ရှိမှာပါ။ ကမ္ဘာ့ရော်ဘာဈေးနှုန်းက ကျဆင်းနေတော့ ပြည်တွင်းရော်ဘာဈေးနှုန်းလည်း ကျဆင်းနေတယ်”ဟု ၎င်းကပြောသည်။

ပြည်တွင်း၌ ရော်ဘာအစေးခြစ် လုပ်ငန်းများကို မိုးရာသီအစပိုင်းတွင် ယာယီရပ်နားလေ့ရှိပြီး မိုးရာသီကုန်ဆုံးချိန်၌ ပြန်လည်လုပ်ကိုင်ကြောင်း သိရသည်။ “လက်ရှိက ခြံပိတ်ရာသီဖြစ်တဲ့အတွက် ရော်ဘာခြံတွေမှာ မြေသြဇာကျွေးတာ၊ ခြံပြုပြင်တာတွေ ပြုလုပ်နေပါတယ်”ဟု ဦးခိုင်မြင့်ကပြောသည်။

ရော်ဘာကို မွန်ပြည်နယ်နှင့် တနင်္သာရီတိုင်းဒေသကြီးတို့၌ အများဆုံးစိုက်ပျိုးပြီး ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့် ကရင်ပြည်နယ်တို့၌လည်း စိုက်ပျိုးလျက်ရှိကာ တစ်နိုင်ငံလုံး၌ ရော်ဘာစိုက်ဧက တစ်သန်းခြောက်သိန်းကျော်ရှိကြောင်းသိရသည်။

**Source:** https://www.myawady.net.mm/node/43034

## ယခုဘဏ္ဍာနှစ် ပြည်ပသို့ ဆန်တင်ပို့မှုလျော့နည်းနိုင်

ယခုနှစ်၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်အတွက် ပြည်ပနိုင်ငံများသို့ ဆန်တင်ပို့မှုတန်ချိန် လျော့နည်းနိုင်ကြောင်း မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်မှ သိရသည်။

“ပြီးခဲ့တဲ့ဘဏ္ဍာနှစ်နဲ့ ယခုဘဏ္ဍာနှစ် ယှဉ်ပြိုင်လိုက်မယ်ဆိုရင် ယခုဘဏ္ဍာနှစ်ဟာ ယခင်ထက် ပိုမိုတင်ပို့နိုင်မှုမရှိတာကို တွေ့ရပါတယ်။ နောက်တစ်ခုက ဈေးကွက်ယှဉ်ပြိုင်မှုမှာလည်း အိမ်နီးချင်းနိုင်ငံတွေနဲ့ ယှဉ်ပြိုင်ရတဲ့အခါ လိုအပ်တဲ့မူဝါဒအပိုင်း အားနည်းမှုတွေရှိနေတာ တွေ့ရပါတယ်။ ဒါကြောင့်မို့လည်း ဒီနှစ်မှာတော့ မနှစ်က စံချိန်ကိုမီဖို့အတွက် ခက်ခဲမယ်လို့ ယူဆပါတယ် ”ဟု မြန်မာနိုင်ငံဆန်စပါးအသင်းချုပ် တွဲဖက်အထွေထွေအတွင်းရေးမှူး ဦးနေလင်းဇင်က ဆိုသည်။

ယခင်ဘဏ္ဍာနှစ်များတွင် ပြည်ပသို့ ဆန်တင်ပို့မှုမြင့်မားခဲ့သော်လည်း ယခုနှစ်တွင် တိုင်းဒေသကြီးနှင့် ပြည်နယ်အချို့၌ မတည်ငြိမ်မှုများ၊ သွင်းအားစုများ ဈေးနှုန်းမြင့်တက်လာခြင်း၊ စပါးအထွက်နှုန်း လျော့နည်းခြင်းကြောင့် ပြည်ပဆန်တင်ပို့မှုလျာထားချက်ကို ပြည့်မီရန် ခဲယဉ်းနိုင်ကြောင်း သိရသည်။ “ဒီနှစ်မှာ စပါးထွက်ရှိမှုကတော့ အချို့သောဒေသတွေမှာ စိုက်ဧကကြောင့်လည်းဖြစ်၊ အချို့ဒေသတွေမှာ စိုက်ရတာအခက်အခဲရှိတဲ့အတွက် အထွက်နှုန်းကျပါတယ်။ ပြည်တွင်းမှာ ထုတ်လုပ်တဲ့အခါမှာ သွင်းအားစုက ဓာတ်မြေသြဇာ၊ ပေါင်းသတ်ဆေး၊ ပိုးသတ်ဆေးရှိတယ်။ သွင်းအားစုဖြစ်တဲ့ ဒီဇယ်နဲ့ ဓာတ်မြေသြဇာကို အဓိကမှီခိုနေရတဲ့အတွက် အဲဒါကို သွင်းတဲ့အခါမှာ စိုက်ဧကစရိတ် ဈေးကြီးသွားပါတယ်။ ကြီးသွားတဲ့အခါကျတော့ တချို့သော တောင်သူတွေက ဒီစရိတ်ကို ပေးနိုင်တဲ့တောင်သူရှိတယ်၊ မပေးနိုင်တဲ့ တောင်သူရှိတယ်။ တချို့ကလည်း စိုက်တော့စိုက်တယ် စရိတ်စကများတော့ အားသွန်ခိုက်စိုက် မစိုက်ဘူး။ အဲဒီတော့ နည်းနည်းပဲ စိုက်တယ်။ သွင်းအားစုတွေ ဈေးနှုန်းကြီးမြင့်မှုက တောင်သူတွေကို အားနည်းမှုတွေဖြစ်စေတယ်။ တစ်ဖက်မှာလည်း ပြည်တွင်းမှာ စပါးဈေး၊ ဆန်ဈေးက သမိုင်းတစ်လျှောက် အမြင့်ဆုံးလို့ပြောလို့ရတဲ့အတွက် တချို့ကလည်း အားသွန်ခွန်စိုက် စိုက်ပျိုးကြပါတယ်။ ဒါ့ကြောင့်မို့ တချို့နေရာတွေမှာ ပိုစိုက်တယ်။ တချို့နေရာတွေမှာ စိုက်ပျိုးနှုန်းကျတာ ဖြစ်ပါတယ်။ မိုးစပါးထွက်တဲ့အခါမှာ ရာသီဥတုအပေါ်လည်း မူတည်ပါတယ်။ ဩဂုတ်လနောက်ပိုင်းကျမှသာ ရာသီဥတုက တည်ငြိမ်မလား၊ ဆိုးရွားမလား၊ ဖောက်ပြန်မလားအပေါ်မူတည်ပြီး အထွက်နှုန်းလျော့မလား၊ တိုးပြီး ထွက်မလားဆိုတာ သိရှိနိုင်မှာဖြစ်ပါတယ်” ဟု ၎င်းက ထပ်လောင်းပြောဆိုသည်။

ပြီးခဲ့သည့် ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် ပြည်ပသို့ ဆန်တန်ချိန် ၂၂ သိန်းကျော်တင်ပို့ခဲ့ပြီး ပို့ကုန်ဝင်ငွေ ကန်ဒေါ်လာ ၈၅၃ သန်းကျော်ရရှိခဲ့ပြီး မြန်မာနိုင်ငံအနေဖြင့် ပြည်ပနိုင်ငံများသို့ တစ်နှစ်လျှင်တန်ချိန် နှစ်သန်းဝန်းကျင် ပုံမှန်တင်ပို့လျက်ရှိကြောင်း မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်မှ သိရသည်။

**Source:** https://t.me/sdtimedaily

# ထောပတ်ပဲ ဝယ်လက်များသော်လည်း ပဲလက်ကျန်ရှားပါးနေ




ပြည်တွင်းစားသုံးသူဈေးကွက်တွင် ထောပတ်ပဲများ ဆက်တိုက်တက်လာပြီး တက်ဈေးဖြင့် ဈေးငြိမ်နေကာ ဝယ်လက်များသော်လည်း ပဲလက်ကျန် ပစ္စည်းရှားပါး နေကြောင်း မန္တလေးမြို့ ပဲမျိုးစုံဈေးကွက်မှ သိရရှိသည်။

ထောပတ်ပဲ ရာသီပေါ်ချိန်တွင် သုံးတင်းဝင်တစ်အိတ်လျှင် ၂၆၀၀၀၀ သိန်း ပေါက်ဈေးရှိရာမှ သုံးလအတွင်း ၃၂၀၀၀၀ ကျပ်အထိ ဈေးတက်လာခဲ့ပြီး တက်ဈေး ဖြင့် ယခုရက်ပိုင်းအတွင်းငြိမ်နေကြောင်း၊ တရုတ်နယ်စပ်ကုန်သွယ်ရေးမှ တင်ပို့နေ ရ၍ ဝယ်လက်ရှိသော်လည်း ကုန်သည်လက်ထဲတွင် လက်ကျန်ပစ္စည်း နည်းပါး နေကြောင်း မန္တလေးမြို့ ဝင်းဝင်းပွဲရုံမှ ပွဲရုံပိုင်ရှင် ဦးရဲမိုးကပြောသည်။

ပစ္စည်းလက်ကျန်နည်းနေတာလည်းဖြစ်နိုင်သလို တောင်လက်တွေက ဈေးမကြိုက်လို့ စောင့်နေတာမျိုးလည်း ဖြစ်နိုင် တယ်။ မန္တလေးမြို့ ကုန်စည်ဈေးကွက်မှာတော့ ထောပတ်ပဲက ဆက်တိုက်တက်လာတာ ၂၆၊ ၂၇၊ ၂၈ ကနေ အခု သုံးသိန်း နှစ်သောင်းလောက်ရှိလာပြီး ငြိမ်နေတယ်ဟု ဦးရဲမိုးကပြောသည်။

မကွေးပဲဈေးကွက်တွင် ထောပတ်ပဲလက်ကျန်မရှိတော့သဖြင့် ထောပတ်အဝယ်ရှိသော်လည်း အရောင်းမရှိတော့ကြောင်း၊ လွန်ခဲ့သည့် တစ်လခန့်က သုံးပိဿာတစ်တင်းလျှင် ၈၃၀၀၀ ကျပ် ပေါက်ဈေးရှိခဲ့ကြောင်း မကွေးမြို့ပဲဈေးကွက်မှ ဦးမြင့်အောင်ကပြောသည်။ လွန်ခဲ့တဲ့ တစ်လလောက်ကပဲ ဈေးဖြစ်လိုက်တယ်။ အခုက ထောပတ်ပဲက ကုန်သွားပြီး တောင်လက်တွေမှာပဲရှိတော့မယ်။ မကွေးဘက်မှာတော့ ဈေးကွက်မရှိတော့ အခုအပ်ဒိတ်မသိတော့ဘူး ဦးမြင့်အောင်က ပြောသည်။

ဘုရင့်နောင်ကုန်စည်ဈေးကွက်တွင် ထောပတ်ပဲတစ်ပိဿာလျှင် ၄၁၇၀ ကျပ် ရှိပြီး FOB ပေါက်ဈေးမှာ တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၁၁၃၅ မှ ၁၁၆၅ ဒေါ်လာ ပေါက်ဈေးရှိပြီး အခွံချွတ်အခြမ်း တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၁၂၃၅ မှ ၁၂၆၅ ဒေါ်လာရှိကြောင်း ဘုရင့်နောင်ကုန်စည်ဈေးကွက်မှသိရသည်။

ထောပတ်ပဲက ရန်ကုန်မှာ Shipping လိုင်းတွေပဲရှိတယ်။ ဂျပန်ဆွဲတယ်။ အဓိကကတော့ တရုတ်ကို နယ်စပ်ကနေ တင်ပို့နေရတာပေါ့။ မန္တလေးဈေးကွက်မှာ ထောပတ်ပဲ အဝယ်လိုက်တယ်လို့ပြောတယ်ဟု ရန်ကုန်မြို့ ပဲဈေးကွက်မှ ကုန်သည် တစ်ဦးကပြောသည်။ ယခု ထောပတ်ပဲဈေးမြင့်တက်မှုသည် ပြည်ပအဝယ်သွက်ခြင်းကြောင့် စံချိန်တင် ဈေးမြင့်တက်ခဲ့ခြင်း ဖြစ်ကြောင်း ပဲကုန်သည်များကပြောသည်။

မန္တလေးမြို့ ထောပတ်ပဲ ဈေးကွက်တွင် ထောပတ်ပဲကို အမျိုးအစားလေးမျိုး သတ်မှတ်ထားပြီး ပေါက်ပြားကြီး ထောပတ်ပဲ သုံးတင်းဝင်တစ်အိတ်လျှင် ၃၂၀၀၀၀ ကျပ်၊ ပုံမှန်ထောပတ်ပဲဆိုက်ဒ် သုံးတင်းဝင်တစ်အိတ်လျှင် ၃၀၀၀၀၀ ကျပ်၊ အလတ်ဆိုက်ဒ် သုံးတင်းဝင်တစ်အိတ်လျှင် ၂၉၀၀၀၀ကျပ်၊ အသေးဆိုက်ဒ် သုံးတင်းဝင်တစ်အိတ်လျှင် ၂၆၀၀၀၀ ကျပ်မှ ၂၈၀၀၀၀ ကျပ် ဈေးပေါက်ကြောင်း စုံစမ်းသိရှိရသည်။

ပြီးခဲ့သည့်နှစ် ကာလတူအခြေအနေမှာ ထောပတ်ပဲတစ်အိတ်ကို အမြင့်ဆုံးဈေး ငွေကျပ် ၁၅၀၀၀၀ ကျပ်သာ ပေါက်ဈေး ရှိခဲ့ကြောင်း စာရင်းများအရ သိရသည်။

ထောပတ်ပဲကို မြန်မာနိုင်ငံအလယ်ပိုင်းတွင် စိုက်ပျိုးကြပြီး မကွေးတိုင်းဒေသကြီး မင်းဘူး ဆင်ဖြူကျွန်း၊ စလင်းဒေသ၊ **ဂန့်ဂေါ၊** မန္တလေးတိုင်းဒေသကြီး မလှိုင်၊ တောင်သာ၊ နွားထိုးကြီး၊ စစ်ကိုင်းဒေသကြီးရှိ ကလေး၊ ကလေးဝ၊ ရွှေဘို၊ ကဘော်ချိုင့်ဝှမ်းဒေသတို့တွင် စိုက်ပျိုးကြသည်။

**Source: AMIA**

**Source:** Myanma Awba

## မြန်မာ့စားသောက်ကုန် ကုန်ကြမ်းပစ္စည်းများကို ထိုင်းနိုင်ငံဘက်မှ တိုးမြှင့်ဝယ်ယူနေ

မြန်မာ့စားသောက်ကုန် ကုန်ကြမ်းပစ္စည်းများကို ထိုင်းနိုင်ငံဘက်မှ တိုးမြှင့်ဝယ်ယူနေပြီး ဝယ်လိုအားမြင့်တက်နေကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီး ဌာနမှ သိရသည်။

ထိုင်းနိုင်ငံအနေဖြင့် စားသောက်ကုန်လုပ်ငန်း တွင်ကျယ်စွာဆောင်ရွက်လာနိုင်သည့်အတွက် အိမ်နီးချင်း မြန်မာနိုင်ငံဘက်မှ စားသောက်ကုန် ကုန်ကြမ်းပစ္စည်းများကို တိုးမြှင့်ဝယ်ယူနေခြင်း ယခင်နှစ်ကထက် ဝယ်လိုအား မြင့်တက်လာကြောင်း သိရသည်။

မြဝတီကုန်သွယ်ရေးဇုန်မှ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် ဧပြီလ (၁) ရက်မှ ဇူလိုင်လ(၃) ရက်အထိ ပို့ကုန်တန်ဖိုး အမေရိကန်ဒေါ်လာ ၁၄၈ ဒသမ ၀၇၂ သန်း တင်ပို့ထားကြောင်း ကုန်သွယ်မှုစာရင်းများအရ သိရသည်။

လက်ရှိတွင် တင်ပို့မှုအနေဖြင့် လယ်ယာထွက်ကုန်များဖြစ်သည့် ဂေါ်ဖီထုပ်၊ ငရုတ်၊ ကြက်သွန်နီ၊ ပြောင်း၊ နနွင်း၊ ဆီးဖြူသီးခြောက်၊ မန်ကျည်းသီးများကို တင်ပို့လျက်ရှိပြီး ရေထွက်ကုန်ဖြစ်သည့် ကဏန်းအရှင်၊ သဲကဏန်း၊ ငါးပါးလွှပ်၊ ငါးခွေးလျှာနှင့် CMP အဝတ်အထည်များကိုလည်း တင်ပို့နိုင်ခဲ့ကြောင်း သိရသည်။

အလားတူ မြန်မာနိုင်ငံဖက်မှလည်း ထိုင်းနိုင်ငံမှ စားသောက်ကုန်၊ ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်း၊ ဆေးနှင့်ဆေးပစ္စည်း၊ သစ်သီးနှင့် အခြားလူသုံးကုန်ပစ္စည်းများ တင်သွင်းလျက်ရှိကြောင်း သိရသည်။

**Source: Popular News Journal**

## (၃)လအတွင်း ပြည်ပသို့ မြေပဲတင်ပို့မှုမှ ဒေါ်လာ ၁၃ သန်းကျော် ရရှိထား



၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် ဧပြီလမှ ဇွန်လအထိ (၃)လတာအတွင်း ပြည်ပသို့ မြေပဲတင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၁၃ သန်းကျော်ရရှိခဲ့ကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ သိရသည်။

မြေပဲသည် ပြည်တွင်း၊ ပြည်ပ ဈေးကွက်ရရှိသည့် ဆီထွက်သီးနှံတစ်မျိုးဖြစ်ပြီး ပြည်ပသို့ တင်ပို့ရောင်းချလျက်ရှိသလို ပြည်တွင်း၌လည်း ဆီစက်များ၊ ပဲလှော်၊ ပဲကြော်လုပ်ငန်းများ၏ ဝယ်ယူမှုများလည်း ရှိနေခြင်းဖြစ်သည်။

ယခုဘဏ္ဍာနှစ် ဧပြီလမှ ဇွန်လအထိ (၃) လတာကာလအတွင်း မြေပဲကို ပင်လယ်ရေကြောင်း၊ ကုန်သွယ်ရေးလမ်းကြောင်းနှင့် နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းတို့မှတစ်ဆင့် တင်ပို့ခဲ့ပြီး စုစုပေါင်း အမေရိကန်ဒေါ်လာ ၁၃ ဒသမ ၃၈၈ သန်းဖိုး တင်ပို့ ရောင်းချခဲ့ကြောင်း သိရသည်။

ယခု ဇူလိုင်လဆန်းပိုင်းတွင် ပြည်တွင်းမြေပဲဈေးကွက်မှာ မြေပဲဆီဆန်အဖြူ တစ်ပိဿာလျှင် ကျပ် ၆၃၀၀၊ မြေပဲဆီဆန် အနီ တစ်ပိဿာလျှင် ကျပ် ၇၇၀၀ ဈေးရှိနေပြီး ပြီးခဲ့သည့် ဇွန်လအတွင်းက ဈေးနှုန်းများထက် တစ်ပိဿာလျှင် ငွေကျပ် ၂၀၀ ဝန်းကျင် ဈေးမြင့်တက်လာကြောင်း သိရသည်။

ယင်းအပြင် မြေပဲလုံးဆန် ဈေးနှုန်းသည်လည်း အဖြူ တစ်ပိဿာလျှင် ကျပ် ၆၈၀၀၊ အနီတစ်ပိဿာလျှင် ကျပ် ၈၂၅၀ ရှိနေပြီး ပြီးခဲ့သည့် ဇွန်လကထက် တစ်ပိဿာ ကျပ် ၁၀၀ မှ ၁၅၀ အထိ ဈေးနှုန်းမြင့်တက်လာခဲ့ကြောင်း သိရသည်။

**Source: Popular News Journal**

## ကချင်ပြည်နယ်၏ မြန်မာ-တရုတ် နှစ်နိုင်ငံ ကုန်သွယ်မှုတစ်ပတ်အတွင်းနှိုင်းယှဉ်မှု

ကချင်ပြည်နယ်တွင် လွယ်ဂျယ်နှင့်ကံပိုင်တည်နယ်စပ်ကုန်သွယ်ရေးစခန်းများမှ မြန်မာ-တရုတ် နှစ်နိုင်ငံကုန်သွယ်မှုများ ရှိခဲ့ရာ ၂၀၂၃ ခုနှစ်၊ ဇူလိုင်လ ၁ ရက်မှ ၇ ရက်နေ့အတွင်း ကံပိုင်တည်နယ်စပ်ကုန်သွယ်ရေးစခန်းနှင့် လွယ်ဂျယ် နယ်စပ်ကုန်သွယ်ရေးစခန်းမှ တင်ပို့ခဲ့သည့် ကုန်ပစ္စည်းများအနေဖြင့် တစ်သျှူးငှက်ပျော၊ ဆန်၊ မြေထောက်ပဲ၊ ပဲတီစိမ်းနှင့် ဆန်ကွဲများ တင်ပို့ခဲ့ပြီး ပို့ကုန်၏ စုစုပေါင်းငွေပမာဏမှာ ၉၉၇၆၉၈.၈၉၀ ကန်ဒေါ်လာ တင်ပို့ခဲ့ရာ ယခင်အပတ် ၂၀၂၃ ခုနှစ်၊ ဇွန်လ ၂၄ ရက်မှ ၃၀ ရက်နေ့ထိ တင်ပို့ကုန်၏ ငွေပမာဏ ၆၉၆၁၄၈.၆၁၀ ကန်ဒေါ်လာနှင့် ကာလတူတင်ပို့ကုန်၏ ငွေပမာဏနှိုင်းယှဉ်ပါက ၃၀၁၅၅၀.၂၈၀ ကန်ဒေါ်လာတန်ဖိုး ပိုမို၍ တင်ပို့မှုရှိခဲ့သည်ကိုတွေ့ရပါသည်။

သွင်းကုန်ပစ္စည်းများအနေဖြင့် ၂၀၂၃ ခုနှစ်၊ ဇူလိုင်လ ၁ ရက်မှ ၇ ရက်နေ့အတွင်း မီးဖိုချောင်သုံးပစ္စည်းများ၊ လယ်ထွန်စက်များ၊ ဓါတ်မြေသြဇာများ၊ ချည်ထည်များ၊ ပလပ်စတစ် ကုန်ကြမ်းပစ္စည်းများ၊ စက်နှင့်စက်ပစ္စည်းများ၊ လယ်ယာသုံးနောက်တွဲယာဥ်နှင့် အခြားယာဉ်များ၊ ဓါတုဗေဒချည်ခင်များ၊ ဆေးဝါးပစ္စည်းများ၊ သံနှင့်သံမဏိဆောက်လုပ်ရေးပစ္စည်းများ၊ သံပိုက်နှင့် မြက်ခင်းတုများ တင်သွင်းခဲ့ပြီး သွင်းကုန်၏ငွေပမာဏတန်ဖိုးမှာ ၁၂၅၇၈၉၂.၄၃၀ ကန်ဒေါ်လာ တင်သွင်းခဲ့ရာ ယခင်အပတ် ၂၀၂၃ ခုနှစ်၊ ဇွန်လ ၂၄ ရက်မှ ၃၀ ရက်နေ့ထိ တင်သွင်းကုန်၏ ငွေပမာဏတန်ဖိုး ၉၆၄၆၃၆.၂၉၀ ကန်ဒေါ်လာနှင့် ကာလတူ တင်သွင်းကုန်၏ ငွေပမာဏနှိုင်းယှဉ်ပါက ၂၉၃၂၅၆.၁၄၀ ကန်ဒေါ်လာတန်ဖိုး ပိုမို၍တင်သွင်းခဲ့သည်ကို တွေ့ရပါသည်။

တင်ပို့ကုန်နှင့် တင်သွင်းကုန်တို့၏ ငွေပမာဏများအားနှိုင်းယှဉ်ကြည့်ရာ တင်ပို့ကုန်၏ ငွေပမာဏမှာ ၂၆၀၁၉၃.၅၄၀ ကန်ဒေါ်လာတန်ဖိုးလျော့နည်းပြီး ကုန်သွယ်မှုပြုခဲ့ကြောင်း ကုန်သွယ်မှုစာရင်းများအရ တွေ့ရပါသည်။ ငွေလဲနှုန်းများမှာ မြန်မာငွေကျပ် ၁၀၀ လျှင် တရုတ်ယွမ် ၀.၃၄၄ ယွမ် ဖြစ်ပြီး၊ ၁ ယွမ်လျှင် မြန်မာကျပ်ငွေ ၂၉၀.၆၉ ကျပ်ရှိကြောင်းသိရှိရပါသည်။

**Source: မနောမြေကုန်သွယ်မှုဇုံဌာန**

## အိန္ဒိယနှင့်ဘင်္ဂလားဒေ့ရှ်တို့ နှစ်နိုင်ငံငွေကြေးဖြင့် စတင်ကုန်သွယ်မှုပြု



အိန္ဒိယနိုင်ငံနှင့်ဘင်္ဂလားဒေ့ရှ်နိုင်ငံတို့သည် ယခုလ ၁၁ ရက်နေ့မှစတင်၍ ဒေသတွင်းငွေကြေးနှင့် ကုန်သွယ်မှုအားကောင်းစေရန်နှင့် အမေရိကန်ဒေါ်လာအပေါ် မှီခိုမှုလျှော့ချရန်ရည်ရွယ်၍ နှစ်နိုင်ငံငွေကြေးဖြင့် စတင်ကုန်သွယ်မှုပြုခဲ့ကြောင်း သိရသည်။ နှစ်နိုင်ငံကုန်သွယ်မှုဆိုင်ရာပေးချေမှုများကို အိန္ဒိယရူပီးငွေဖြင့် စတင်ပေးချေခဲ့ကြောင်းကို “ကြီးမားသောခရီးတစ်ခု၏ ပထမဦးဆုံးခြေလှမ်းဖြစ်သည်” ဟု ဘင်္ဂလားဒေ့ရှ်ဗဟိုဘဏ်ဥက္ကဋ္ဌ Abdur Rouf Talukder က ဖော်ထုတ်ပြောကြားခဲ့သည်။

ယခုနှစ်စက်တင်ဘာလတွင် စတင်မိတ်ဆက်ရန်အသင့်ဖြစ်နေသည့် တာကာ-ရူပီးနှစ်နိုင်ငံသုံးငွေကြေးဖြင့် အသုံးပြုနိုင်သောကတ်ကြောင့် အိန္ဒိယနိုင်ငံနှင့်ကုန်သွယ်မှုပြုရာတွင် အပေးအယူစရိတ်များကို လျှော့ချသွားနိုင်တော့မည်ဟု ၎င်းက ပြောကြားခဲ့သည်။ နှစ်နိုင်ငံ တရားဝင်စီစဉ်ထားချက်အရ အိန္ဒိယ-ဘင်္ဂလားဒေ့ရှ်နှစ်နိုင်ငံကုန်သွယ်မှုကို ရူပီးငွေဖြင့် စတင်အပေးအယူပြုသွားမည်ဖြစ်ကြောင်းနှင့် နောက်ပိုင်းတွင် ဘင်္ဂလားဒေ့ရှ်နိုင်ငံသုံးငွေကြေးကို တဖြည်းဖြည်းအသုံးပြုသွားမည်ဖြစ်ကြောင်း တာဝန်ရှိသူများက ပြောကြားခဲ့သည်။

အိန္ဒိယနိုင်ငံနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံရှိ ဘဏ်များအနေဖြင့် တစ်နိုင်ငံ၏ငွေကြေးကို အခြားနိုင်ငံတွင် လဲလှယ်မှုပြုနိုင်ရန် nostro စာရင်းများဖွင့်လှစ်သွားဖို့ ခွင့်ပြုချက်ရရှိခဲ့ပြီဖြစ်ကြောင်းနှင့် နှစ်နိုင်ငံငွေလဲနှုန်းကို ဈေးကွက်ဝယ်လိုအားနှင့် လုပ်ငန်းစဥ်၌ ပါဝင်သောဘဏ်များအကြား ကိုက်ညီမှုရှိအောင် ပုံသေသတ်မှတ်သွားမည်ဟု သိရသည်။

အိန္ဒိယနိုင်ငံသည် ကုန်သွယ်မှုတွင် နှစ်နိုင်ငံငွေကြေးများအသုံးပြု၍ အပေးအယူပြုရန် မြန်မာနိုင်ငံအပါအဝင် နိုင်ငံပေါင်း ၁၈ နိုင်ငံနှင့် လက်ရှိတွင် ဆောင်ရွက်လျက်ရှိပါသည်။ ကုန်သွယ်မှုတွင် ရူပီး-ကျပ်ဖြင့် ပေးချေမှုများပြုလုပ်ရန် အိန္ဒိယ-မြန်မာနှစ်နိုင်ငံဆွေးနွေးဆောင်ရွက်လျက်ရှိသည့်အတွက် ယခုဘင်္ဂလားဒေ့ရှ်-အိန္ဒိယကုန်သွယ်မှုတွင် ရူပီးငွေကို စတင်အသုံးပြုခြင်းသည် အကောင်းဆုံးနမူနာတစ်ခုဖြစ်ပါသည်။ အဆိုပါအခြေအနေအား စောင့်ကြည့်သုံးသပ်၍ အားနည်းချက်၊ အားသာချက်များမှတစ်ဆင့် မြန်မာနိုင်ငံ၏ အမျိုးသားအကျိုးစီးပွားအတွက် အကောင်းဆုံးသော ကုန်သွယ်မှုနှင့်ဘဏ္ဍာရေးဆိုင်ရာမူဝါဒနှင့် အစီအမံများကို ချမှတ်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

**ဇစ်မြစ်။ The Times of India**

https://timesofindia.indiatimes.com/india/india-bangladesh-launch-trade-transaction-in-upees/articleshow/ 101680890.cms

**(ကောင်းထွဋ်အောင်၊ စီးပွားရေးသံမှူး၊ ကော်လ်ကတ္တားမြို့)**

https://myantrade.gov.mm/article/STP(Ygn)%2013072023%2012:29

# STOCK EXCHANGE (13.7.2023)

YANGON
STOCK EXCHANGE

Search...

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Stock trading data

## Stock trading data

As of 13th Jul. 2023

**Total Trading** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 18,265 (Shares) | 34,208,500 (MMK) |

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 8,100 | +0 | +0.00% | 8,100 | 8,100 | 8,100 | 210 | 1,701,000 | 33,109,694 | 268,189 |
| MTSH | 00002 | 2,800 | -50 | -1.75% | 2,850 | 2,850 | 2,800 | 1,029 | 2,927,900 | 38,929,150 | 109,002 |
| MCB | 00003 | 7,300 | +200 | +2.82% | 7,300 | 7,300 | 7,300 | 10 | 73,000 | 10,400,986 | 75,927 |
| FPB | 00004 | 1,550 | +0 | +0.00% | 1,550 | 1,550 | 1,500 | 4,089 | 6,237,950 | 29,664,613 | 45,980 |
| TMH | 00005 | 2,400 | +0 | +0.00% | 2,400 | 2,400 | 2,400 | 0 | 0 | 12,823,224 | 30,776 |
| EFR | 00006 | 2,450 | +0 | +0.00% | 2,450 | 2,450 | 2,450 | 0 | 0 | 19,977,223 | 48,944 |
| AMATA | 00007 | 4,800 | +0 | +0.00% | 5,000 | 5,000 | 4,800 | 268 | 1,290,400 | 10,497,598 | 50,389 |
| MAEX | 00008 | 1,750 | -50 | -2.78% | 1,750 | 1,750 | 1,700 | 12,659 | 21,978,250 | 23,804,946 | 41,659 |

YANGON
STOCK EXCHANGE

Search...

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Market summary

## Market summary

As of 13th Jul. 2023

**Today's summary**

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 355.67 | -0.56 | -0.16% | 357.82 | 357.82 | 355.67 | 18,265 | 34,208,500 | 8 | 670,866 |

**Index chart**




## Market Overview

## Grand Total Trading [Total trading (MB) + Total trading (PLB)]

As of 13th Jul. 2023

| Trading Volume | Trading Value |
|---|---|
| 18,265 (Shares) | 34,208,500 (MMK) |

### Main Board

As of 1:00 pm, 13th Jul. 2023

**Total Trading (MB)** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 18,265 (Shares) | 34,208,500 (MMK) |

**MYANPIX** 355.67
▼ 0.56

| | |
|---|---|
| Total Volume (shares) | 18,265 |
| Total Value (MMK) | 34 mil |
| Listed Company | 8 |
| Market Cap. (MMK) | 670,866 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 8,100 | ▲ 0 |
| MTSH | 00002 | 2,800 | ▼ 50 |
| MCB | 00003 | 7,300 | ▲ 200 |
| FPB | 00004 | 1,550 | ▲ 0 |
| TMH | 00005 | 2,400 | ▲ 0 |
| EFR | 00006 | 2,450 | ▲ 0 |
| AMATA | 00007 | 4,800 | ▲ 0 |
| MAEX | 00008 | 1,750 | ▼ 50 |

TIR